

မင်းမြတ်သူရ
ပုလဲနက် သိုက်

## အခန်း-၁

တစ်နေ့သ၌ ကျွန်နိုပ်နှင့် ဂျမဒါမင်းဒင်သည် မက်ဆိုပိုတေးမီးယား စစ်မြေပြင်မှ ပြန်လာပြီး နောက် ရန်ကုန်ဆိပ်ကမ်း၌ လူမိုက်လိုလိုလုပ်ပြီး အသက်မွေးဝမ်းကြောင်း နေလေ၏ ။ တစ်ညတွင် ဆိပ်ကမ်းလူမိုက်များ လက်မှ ထွက်ပြေးလာသော မာယာဆိုသည့် မိန်းကလေးကိုကယ်တင်ပြီးနောက် ကံအကြောင်းမလှစွာဖြင့်သူမ၏ စားဝတ်နေရေးကိုပါ တာဝန်ယူခဲ့ရလေ၏ မာယာသည် မြိတ်ကျွန်းစုဇာတိဖြစ်ပြီး မိမရှိဘမရှိ တစ်ကောင်ကြွက်တစ်ဦးလည်း ဖြစ်၏ ။ မာယာသည် ယခင်ကဆိပ်ကမ်းအနီးရှိ ရေသူမကလပ်တွင် မြန်မာ့စောင်းတီးခတ်ပြီး အသက်မွေးဝမ်းကြောင်းပြုလေ၏ ။

ထိုသို့ကလပ်၌ လုပ်ကိုင်ရာတွင် သူမ၏ ချောမောလှပသောရုပ်ရည်နှင့် ရှည်လျားသောဆံပင်တို့ကြောင့် နိုင်ငံခြားသားများ အဝင်အထွက်များသောကလပ်၌ မာယာကိုလူကြိုက်များလှ၏

မာယာကလပ်၌ စောင်းတီးပြီး ဖြေဖျော်နေစဉ် ရေသူမကလပ်ပိုင်ရှင်ကျင်စိန်က မာယာ၏ အလှအပကို မြင်မိပြီး ရမက်ဇောကြွကာ သိမ်းပိုက်ရန်ကြိုးပမ်းလေ၏

ကျင်စိန်သည် ဘိလပ်မှလာသော အဘိုးတန်ပစ္စည်းအမျိုးမျိုးလာဘ်ထိုးပြီး မာယာ၏ ကိုယ်ခန္ဓာကိုတောင်းခံလေ၏ သို့သော် မာယာသည် ကိုယ်ခန္ဓာကို လုံခြုံစွာသိမ်းဆည်း တတ်သော စရိုက်သဘာဝရှိသူ ဖြစ်ရာကား တဏှာရူးကျင်စိန် တစ်ယောက်အချိန်ကုန်လူပန်း ဖြစ်ရလေ၏

နောင်ဆုံးတွင် ကျင်စိန်စိတ်မထိမ်းနိုင်တော့သည့်အဆုံးမာယာ၏ မေတ္တာကို အနိုင်အထက် ပြုကျင့်ပြီး ရယူရန်ကြိုးစားလေ၏။

ထိုအချိန်မှာပင်ကျွန်ုပ်တို့နှင့် တွေ့ဆုံခဲ့ခြင်းဖြစ်၏။

ကျွန်ုပ်နှင့် ဂျမဒါမင်းထင်သည် မက်ဆိုပိုတေးမီးယားစစ်မြေပြင်တွင် ရွတ်ရွတ်ချွံချွံ တိုက်ပွဲ ဝင်ခဲ့ သော်လည်း ဗြိတိသျှအစိုးရ၏ ပစ်ပယ်ထားခြင်းခံရသဖြင့် ခပ်ရွတ်ရွတ်စိတ်ထားရှိသူ ဂျမဒါမင်းထင်က

"ဒီမှာကိုဘဒင်-ဗြိတိသျှတွေကျုပ်တို့ကိုပစ်ပယ်ထားလည်းဘာအရေးလဲ-ကျုပ်တို့ဘာသာ ဆိပ်ကမ်းမှာ မိုက်ကြေးခွဲစားမယ်"

ဟုကြွေးကြော်ပြီး မကောင်းသူပယ် ကောင်းသူကယ်သည့်အလုပ်ကို ကိုယ့်ထမင်း ကိုယ်စားပြီး ခုံခုံမင်မင်လုပ်ကိုင်နေလေ၏

ဂျမဒါမင်းထင်လူမိုက်အလုပ်ကိုလုပ်ကိုင်နေသော်လည်းရန်ကုန်ဆိပ်ကမ်းရှိနှင့်ပြီးသောလူမိုက်အပေါင်းသည်ဂျမဒါမင်းထင်၏ တိုက်ရည်ခိုက်ရည်ကောင်းခြင်း သူရသတ္တိရှိခြင်းတို့ကို အသိအမှတ် ပြုကာ ဂျမဒါမင်းထင်ကို လက်ရှောင်ပြီးခပ်ဝေးဝေးမှာနေကြ၏။

ထို့ကြောင့်ပင်မာယာကို လူမိုက်များလက်မှ အေးအေးချမ်းချမ်း ကယ်တင်လာနိုင်ခြင်း ဖြစ်၏။

*

## အခန်း-၂

မာယာသည် ကျွန်ုပ်တို့၏ နေအိမ်သို့ ရောက်ရှိသည့်နေ့မှ စပြီး အိမ်ရှင်မတစ်ဦး၏ ဝတ္တရားများကို ကျေပွန်စွာလုပ်ဆောင်သဖြင့် ကျွန်ုပ်တို့ လူမိုက်ကျော်နှစ်ဦး၏ `ကြွက်သိုက်နှင့် တူသော နေအိမ်မှာ နေချင်စဖွယ် ကြည့်ပျော်ရှုပျော်ဖြစ်လာလေ၏။

ထို့ပြင် ကျွန်ုပ်တို့၏ စားရေးသောက်ရေး အတွက်လည်း ဆိပ်ကမ်းရှိခပ်ညံ့ညံ့ ထမင်းဆိုင် များကို အားကိုးစရာမလိုတော့ဘဲ မာယာ၏ လက်ရာထမင်းဟင်း ပူပူနွေးနွေးကို စားသောက် ရသဖြင့် စည်းစိမ် တစ်မျိုးတိုးလေ၏။

ထို့ကြောင့်ပင် ကျွန်ုပ်တို့ လူမိုက်ကျော် နှစ်ဦးသည်အိမ်မှမာယာထွက်ခွာသွားမည်ကိုပင် ကြိတ်ပြီးစိုးရိမ်နေကြ၏။

တစ်နေ့တွင် မာယာက သူမ၏ မွေးနေ့ ဖြစ်သဖြင့်ရွှေတိဂုံဘုရားသို့ သွားပြီး ပန်း ရေချမ်း ဆီမီး ကပ်လှူရန်ပူဆာသဖြင့် လူမိုက်နှစ်ဦးသည် ဝတ်ကောင်းစားလှများဝတ်ဆင်ကာ ဘုရား ပေါ်သို့ တက်ခဲ့လေ၏

ဘုရားရင်ပြင်သို့ရောက်သောအခါပန်း၊ ရေချမ်း၊ ဆီမီးကပ်လှူ ပူဇော်ပြီးနောက်မာယာက

“ဒီနေ့ ကျွန်မမွေးနေ့မှာ ရှင်တို့နှစ်ယောက်ကို အရေးကြီးတဲ့ စကားပြောချင်တယ်- ရှင်တို့က ကျွန်မကို ကယ်တင်ခဲ့တဲ့ ကျေးဇူးရှိတဲ့အပြင် ကျွန်မအပေါ်မှာလည်း ညီမအရင်းတစ်ယောက်လို သဘောထားတာတွေ့ရတယ်၊ ဒါပြင်ရှင်တို့မှာ စွန့်စားဝံ့တဲ့သတ္တိလည်းရှိတယ်၊ ဒီလိုသတ္တိရှိတဲ့လူမျိုးဟာ

ဆိပ်ကမ်းမှာ လူမိုက်ယောင်ယောင်ဘာယောင်ယောင်နဲ့ အချိန်ဖြုန်းနေတာ သိပ်နှမြောဖို့ကောင်းတယ်၊ ရှင်တို့မချမ်းသာချင်ဘူးလား”

ဟုမေးမြန်းရာ ဂျမဒါမင်းထင်က မျက်မှောင်ကြုတ်ပြီး “မာယာဘာကိုဆိုလိုတာလဲ”

ဟုမေးမြန်းလေ၏။

မာယာကသက်ပြင်းချပြီး

“ရှင်တို့စွန့်စားဝံ့ရင် ငွေတွေ အများကြီး ရနိုင်တဲ့အခွင့်အလမ်းရှိတယ်”

ဟုပြောလေရာ ဂျမဒါမင်းထင်က

“ငါတို့ငွေတွေအများကြီးလိုချင်တယ်၊ ဒါပေမယ့် မတရားတဲ့နည်းလမ်းနဲ့ ရမယ်ဆိုရင်တော့ စိတ်မဝင်စားဘူး”

ဟုပြောလေရာ မာယာက ခေါင်းညိတ်ပြီး

“ရှင်တို့စိတ်ဓါတ်ကို ကျွန်မသိပြီးသားပါ၊ မတရားတဲ့အလုပ် လုံးဝမဟုတ်ပါဘူး အဓိက ကစွန့်စားဝံ့ဖို့ပါပဲ’

ဟုပြောလေ၏

ထိုအခါ ကျွန်ုပ်က ဝင်ရောက်ပြီး

“စွန့်စားရမယ့် အလုပ်ဆိုရင်တော့ ဘယ်လို အလုပ်ပဲဖြစ်ဖြစ် ငါတို့ လုပ်မယ်မာယာ၊ နင်ငါတို့ကို ဘာခိုင်းမှာလဲပြောပါ”

ဟုဝင်ရောက်ပြောဆိုလေ၏

မာယာက ကျွန်ုပ်တို့နှစ်ယောက်ကို လေးနက်ဟန်ဖြင့်ကြည့်ပြီးသူ၏ လက်သကြွယ်၌ ဝတ် ထားသောလက်စွပ်ကိုပြကာ

“ကျွန်မလက်စွတ်ကို ကြည့်စမ်း ပုလဲနက်လက်စွပ် အစစ်ရှင့်၊

ဒီပုလဲနက်မျိုးက သိပ်အဖိုးတန်တယ်၊
ပုလဲနက်တွေအများကြီးရနိုင်တဲ့နည်းလမ်းလည်း ကျွန်မ မှာ ရှိတယ်''

ဟုဆိုလိုက်ရာ ကျွန်ုပ်တို့သည် မူလကမာယာ၏ လက်စွပ်ကို ဘုရားဈေးတွင် ရောင်းချသော အပေါစား လက်စွပ်တစ်ကွင်းဟု သာထင်ခဲ့၏ ယခုမာယာ၏ အဆိုအရအလွန် အဖိုးတန်သောပုလဲနက်လက်စွပ်ဖြစ်နေသည်ဆို၏။

ဂျမဒါမင်းထင်က မာယာ၏ လက်စွပ်ကိုကြည့်ပြီး

"ငါ့ကို လက်စွပ်ခဏပေးပါ မာယာ''

ဟုဆိုကာ မာယာ၏ လက်စွပ်ကို ယူပြီးကျွန်ုပ်တို့နှစ်ယောက် ငှားရမ်းနေထိုင်သော နေအိမ် အပေါ်ဆုံးထပ်ရှိ ဂျူးအဘိုးကြီးထံသို့သွားကာ

"ဒီလက်စွပ်ကိုအကဲဖြတ်ပေးပါ''

ဟုတောင်းဆိုလိုက်ရာ ဂျူးအဘိုးကြီးက လက်စွပ်ကိုမှန်ဘီလူးဖြင့်တစ်ချက်ကြည့်ပြီး

"ဘုရားသခင် ပုလဲနက် အစစ်ပါလား၊ ဒီလက်စွပ်ကို အခုရောင်းမယ်ဆိုရင် ငွေငါးသောင်းလက်ငင်းပေးမယ်''

ဟုပြောလေရာ ဂျမဒါမင်းထင်နှင့် ကျွနုပ်သည်မျက်လုံးပြူးသွားပြီး

"ပုလဲနက်အစစ်ဆိုတာသေချာပါတယ်နော်'' ဟု ထပ်မံမေးမြန်းလိုက်ရာ ဂျူးအဘိုးကြီးက

"သိပ်သေချာတာပေါ့၊ မသေချာဘဲကျုပ်က ငါးသောင်းပေးပါ့မလား''ဟုပြောလေ၏

ဂျူးအဘိုးကြီးသည် ဆိပ်ကမ်းသို့ ရောက်သမျှသင်္ဘောသားများ၏ ပစ္စည်းအမျိုးမျိုးကို မတန်တန်ဆ ဈေးနှိမ်ပြီးဝယ်ယူလေ့ရှိသူဖြစ်လေရာ သူ့စကားအမှန် ဖြစ်မှာသေချာနေ၏

ကျွန်ုပ်တို့သည် မာယာထံသို့ ပြန်သွားပြီး ဂျမဒါမင်းထင်က

“နင့်လက်စွပ်အစစ်ဆိုတာ သေချာသွားပြီ၊ ပုလဲနက်တွေကိုဘယ်လိုယူရမလဲဆိုတာသာ ပြောပါတော့”

ဟုမေးမြန်းလိုက်လေ၏။

မာယာကအဝေးဆီသို့ ငေးကြည့် လိုက်ပြီး

“ပုလဲနက် အကြောင်းပြောရရင် ကျွန်မရဲ့ငယ်စဉ်ဘဝကိုပြန်ပြောမှဖြစ်မယ်.. ကျွန်မ ငယ်ငယ် က မြန်မာပြည် တောင်ဘက်စွန်းက ကော့သောင်းနဲ့မိုင် ၄၀၀ လောက် ဝေးတဲ့ အရပ်မှာ ကြီးပြင်းခဲ့ရတယ်..ကျွန်မကို ကျွေးမွေးပြုစုပေးခဲ့တဲ့သူတွေက လူ့လောက ပတ်ဝန်းကျင်က အရိုင်းအစိုင်းလို့သတ်မှတ်ထားတဲ့ တိုင်းရင်းသား လူရိုင်းတွေပါပဲ၊ သူတို့ဟာ ကျွန်မရဲ့ မွေးစားမိဘတွေပါ… ကျွန်မ မိဘအရင်းတွေကပင်လယ်ပြင်မှာ သင်္ဘော မှောက်ပြီး သေဆုံးခဲ့ ရတယ်”

ဟုပြောလိုက်ရာ ဂျမဒါမင်းထင်က မျက်မှောင်ကြုတ်ပြီး

“တိုင်းရင်းသား လူရိုင်းတွေဆိုတာ အက်ဒမန် ကျွန်းပတ်ဝန်းကျင်မှာ နေထိုင်တဲ့ တိုင်းရင်းသားတွေမဟုတ်လား” ဟု မေးမြန်းလိုက်ရာ မာယာက သက်ပြင်းချပြီး

“ဟုတ်ပါတယ်၊ သူတို့ဟာ သိပ်ပြီး ရိုးသားကြတယ်..သူတို့ အလုပ်က ကျွန်းပေါ်မှာ ပုလဲငုပ်၊ သစ်ခုတ်၊ ပျားဖွတ်စတဲ့အလုပ်တွေကို လုပ်ကိုင်ပြီး ရိုးရိုးသားသား ရှာဖွေ စားသောက် ခဲ့ကြတာပါ၊ နောက်တော့ အက်ဒမန်ကျွန်းကို အင်္ဂလိပ်နယ်ချဲ့တွေရောက်လာပြီး အကျဉ်း စခန်းတွေ ဖွင့်တော့ကျွန်မရဲ့ ကျေးဇူးရှင် မွေးစားမိဘတွေရဲ့ နယ်မြေတွေကို လုယက် တိုက်ခိုက်ခဲ့ကြတယ်။ အသက်အိုးအိမ် စည်းစိမ်တွေကိုလည်းထိပါးခဲ့တယ်၊ တစ်နေ့တော့ ဗြတိသျှတွေ ဟာ တိုင်းရင်းသားတွေကို အလစ်ဝင်တိုက်ပြီး ကျွန်မကို တိုင်းရင်းသားတွေဆီက

ခေါင်ဆောင် သွားခဲ့တယ်၊နောက်တော့ကျွန်မကို အက်ဒမန်ကျွန်းကစောင်သည် ဦးဘိုးပွင့်တို့လင်မယားက မွေးစားခဲ့တယ်၊ ကျွန်မငယ်စဉ်ဘဝတလျှောက်လုံး ဒေသခံလူရိုင်းတွေနဲ့အတူ ကြီးပြင်းခဲ့လို့ လူ့ယဉ် ကျေးမှုတွေကို နားမလည်ခဲ့ဘူး၊ သူတို့ဆီရောက်မှ ကျွန်မ စာအရေးအဖတ်နဲ့ လူ့ယဉ်ကျေးမှု တွေကိုသင်ကြားခဲ့ရတယ်”

ဟုပြောလေရာ မာယာ၏ စကားကို နားထောင်နေသော ကျွန်ုပ်က စိတ်မထိမ်းနိုင်တော့ဘဲ

“အခုအချိန်ထိ မာယာ နောက်ကြောင်းမှာ ပုလဲနက်အကြောင်းမပါသေးဘူးနော်”

ဟုဆိုလိုက်ရာ မာယာကကျွန်ုပ်ကို မျက်စောင်းထိုးလိုက်ပြီး

“ဘာဖြစ်လို့ဒီလောက်လောနေတာရှင့်၊ တဖြည်းဖြည်းပုလဲနက်အကြောင်းရောက်လာမှာပါ” ဟုပြောရင်း

“ကျွန်မဘဝတလျှောက်လုံး တိုင်းရင်းသားလူရိုင်းတွေနဲ့ကြီးပြင်းခဲ့ ရတဲ့အတွက် အရွယ် ရောက်လို့ မြို့ပေါ်ကအလုပ်တွေကို လုပ်ရတာ မပျော်မွေ့ဘူး၊ နောက်တော့ မလေးလူမျိုးတွေရဲ့ ပုလဲအဝယ်ဒိုင်မှာ ပုလဲအကဲဖြတ်တဲ့အလုပ်ကိုဝင်လုပ်ခဲ့တယ်၊ ကျွန်မတိုင်းရင်းသားလူရိုင်းတွေနဲ့ နေတုန်းကပင်လယ်ထဲမှာ ပုလဲငုတ်တဲ့ အလုပ်ကို လုပ်ဖူးတယ်၊ ဒါကြောင့်ပုလဲတွေရဲ့အသွေးကို ကျွန်မကောင်းကောင်းသိတယ်၊ ကျွန်မပုလဲဒိုင်မှာလုပ်ရင်း ပုလဲနက်တွေဟာ အင်မတန် တန်ဘိုးရှိ ကြောင်းသိခဲ့ရတယ်၊ ပုလဲနက်ကို မလေးကျွန်းက လူတွေသိပ်ကြိုက်လို့ ဈေးကောင်းပေးဝယ်တယ်၊ ဒီအခါမှာ ပုလဲနက်တွေ အများကြီးတွေ့နိုင်တဲ့နေရာကိုကျွန်မ မှတ်မိနေတယ်၊ ဒါပေမယ့် ပုလဲနက်သိုက်ရှိတဲ့နေရာကို လူမျိုးခြားတွေကို အသိမပေးချင်လို့

လျှို့ဝှက်ပြီးနေထိုင်ခဲ့တယ်၊ဒီလိုနဲ့ ကျွန်မမွေးစားမိဘတွေ ရှေ့ဆင်နောက်ဆင့် ဆုံးပါးသွားပြီးတဲ့နောက်ပိုင်း အက်ဒမန်ကျွန်းမှာ မနေချင်တောလို့ ထွက်လာခဲ့တယ်''ဟုပြောလေ၏ ။ ထိုအခါ ဂျမဒါမင်းထင်က

"ကျုပ်သဘောပေါက်ပြီ၊ ပုလဲနက်သိုက်ဟာအက်ဒမန်ကျွန်းပတ်ဝန်းကျင်မှာ ရှိတယ်ပေါ့ ဟုတ်လား''

"ဟုတ်တယ်၊ အဲဒီ မှာ ပုလဲနက်တွေအများကြီးရနိုင်တယ်၊ ပုလဲနက်ကို အနောက်တိုင်းသားတွေ သိပ်ကြိုက်ပြီးဈေးကောင်းပေးဝယ်တယ်ဆိုတာရန်ကုန်ရောက်မှ ကျွန်မပိုသိသွားတယ်''

ဟုပြောလေရာကျွန်ုပ်က စိတ်မြန် လက်မြန်ဖြင့်

"ဒါဆိုရင်လဲ ကျုပ်တို့အမြန်ဆုံးသွားပြီး ပုလဲနက်တွေရှာရအောင်၊ ပုလဲနက်တွေ မြန်မြန် ရတော့မြန်မြန်သူဌေးဖြစ်တာပေါ့'' ဟုပြောလိုက်လေ၏ ။

ထိုအခါမာယာက သက်ပြင်းချပြီး

"ပုလဲနက်ကိုရှာဖို့က ဒီလောက်မလွယ်ဘူးရှင့်၊ ခရီးကအင်မတန်ဝေးပြီးပင်လယ်ပြင်မှာ အန္တရယ်အမျိုးမျိုးနဲ့ရင်ဆိုင်ရနိုင်တယ်''

ဟုဆိုလိုက်ရာ ဂျမဒါမင်းထင်က

"ဘယ်လိုအန္တရယ်နဲ့ရင်ဆိုင်ရမှာလဲ''

ဟုမေးမြန်းလေ၏

မာယာကအဝေးဆီသို့ငေးကြည့်ပြီး

"ကျွန်းလုံခြုံရေးတပ်ဖွဲ့ကလူတွေ မရိပ်မိအောင်လုပ်ရမယ်၊ နောက်ပြီးတော့ ဘဂတူပုလဲငုတ်သမားတွေမသိအောင်လည်း လျှို့ဝှက်ထားဖို့ လိုတယ်၊ သူတို့သိသွားရင် ကျွန်မတို့ပုလဲနက်တွေကို ဝင်လုပြီးရှာဖွေကြလိမ့်မယ်၊

ကျွန်မတို့ရှာဖွေရသမျှပုလဲတွေကို လည်းလုယက်ပြီး ယူငင်ကြ လိမ့်မယ်’’

ဟုပြောလိုက်ရာ ကျွန်ုပ်ကလက်သီးဆုပ်ပြီး

“ဒီလိုလွယ်လွယ်နဲ့အနိုင်ယူလို့ဘယ်ရမှာလဲ၊ ငါတို့ကမက်ဆိုပိုတေးမီးယားစစ်မြေပြင်မှာ အာရပ်တွေ ဖိန့်ဖိန့်တုန်အောင် မြန်မာ့သတ္တိပြခဲ့တဲ့သူတွေပဲ၊ မတရားတာ လုပ်လို့ကတော့ အသက်ချင်းလဲပစ်လိုက်မယ်’’

ဟုကြုံးဝါးလိုက်လေ၏။

မာယာကခေါင်းညိတ်ပြီး

“ရှင်တို့သတ္တိနဲ့ အစွမ်းအစကိုကျွန်မယုံပါတယ်ရှင်၊ ဒါကြောင့်လဲ ကျွန်မတစ်ယောက်တည်း လျှို့ဝှက်ထားတဲ့ ကိစ္စကို ရှင်တို့ကို ဖွင့်ပြောခဲ့တာပေါ့၊ ကျွန်မတို့သုံးယောက်စလုံး သူဌေးမဖြစ်ဖြစ်အောင်ကြိုးစားကြတာပေါ့’’

ဟုပြောလိုက်လေ၏

ကျွန်ုပ်ကဝင်ရောက်ပြီး

“ဒါဆိုရင် ပုလဲနက်ရှာဖို့ ငါတို့ဘာတွေလိုသေးလဲမာယာ’’

ဟုမေးမြန်းလိုက်ရာမာယာက ခေါင်းညိတ်ပြီး

“ကျွန်မတို့မှာအလွန် ခိုင်ခံ့ပြီး ပင်လယ်ပြင်မှာ စိတ်ချရတဲ့သင်္ဘောတစ်စီးလောက်လိုတယ်၊ ပြီးတော့ရေငုတ်ဝတ်စုံနဲ့ရေငုတ်ကိရိယာတွေလိုမယ်၊ လက်နက်ခဲယမ်းတွေလည်းဆောင်ထားရမယ်’’

ဟုဆိုလိုက်ရာ ဂျမဒါမင်းထင်က သက်ပြင်းချပြီး

“ဒါတွေအားလုံး ကြိုးစား ရှာရင်တော့ ရနိုင်ပါတယ်’’

ဟုပြောလေ၏။ ထိုအခါမာယာက

"ရှင်တို့မှာ ပိုက်ဆံဘယ်လောက်ရှိသလဲ"

ဟုဆိုလိုက်ရာ ကျွန်ုပ်နှင့် ဂျမဒါမင်းထင်၏ နှစ်ဦးသားပိုင်ဆိုင်သမျှ ပိုက်ဆံများကို စစ်စစ် ပေါက်ပေါက် ရေတွက်ကြည့်ရာ ငွေ ၅၀၀ ပင်မပြည့်ကြောင်းတွေ့ရ၏။

မာယာက ကျွန်ုပ်တို့ပိုင်ဆိုင်သမျှ ငွေများကိုကြည့်ပြီးခေါင်းခါယမ်းကာ

"ရှင်တို့ငွေလောက်နဲ့တော့ပင်လယ်ထဲကိုဘယ်လိုမှထွက်လို့ရမှာမဟုတ်ဘ

ဟုဆိုလိုက်၏။

ဂျမဒါမင်ထင်က သက်ပြင်းချလိုက်ပြီး

"ငွေအတွက် မပူပါနဲ့ မာယာ ငါတို့ငွေတွေ ရအောင်ရှာနိုင်ပါတယ်၊ ပုလဲနက်ရှိတဲ့ နေရာကိုသာ တိတိကျကျလမ်းညွှန်ပါ" ဟု ပြောလိုက်လေ၏။ မာယာက ခေါင်းညိတ်ပြီး

"ပုလဲနက်ရှိတဲ့နေရာကိုကျွန်မတိတိကျကျလမ်းညွှန်နိုင်မယ်လို့ ကျွန်မ ယုံကြည်ပါတယ်၊ ရှင်တို့သာ ပင်လယ်ထဲထွက်ဖို့ ငွေရအောင်ရှာပါ"

ဟု စိတ်အားတက်ကြွစွာပြောလိုက်လေ၏

*

## အခန်း-၃

ဂျမဒါမင်းထင်သည် နောက်တစ်နေ့နေ့လယ်တွင် ကျွန်ုပ်နှင့်မာယာကို ခေါ်ပြီး ကမ်းနားလမ်း ရှိရှိုင်ရယ်ဟိုတယ်၌ နေ့လယ်စာ စားသောက်ကြလေ၏။

ထိုသို့စားသောက်ကြရင်းဂျမဒါမင်းထင်က

"ပုလဲနက်သိုက်ရှိတဲ့ နေရာကို
ကျုပ်တို့မရရအောင်ရှာဖို့ဆုံးဖြတ်လိုက်ပြီ"

ဟုဆိုလိုက်ရာကျွန်ုပ်က သက်ပြင်းချပြီး

"ဆုံးဖြတ်တာကထားပါတော့ဗျာ၊ ပင်လယ်ထဲမှာ ကိုယ်ပိုင်သင်္ဘောနဲ့ ပုလဲ ရှာဖို့ဆိုတာ ငွေ အများကြီးလိုတယ်၊ ကျုပ်တို့ငွေဘယ်လိုရှာကြမလဲ"

ဟုပြန်လည်မေးမြန်းလိုက်ရာ ဂျမဒါမင်းထင်က

"ငွေရှာဖို့အတွက် ပူစရာမလိုပါဘူး၊ ကျုပ်တာဝန်ထားစမ်းဗျာ၊
လိုအပ်တဲ့ငွေတွေကို မရရအောင် ရှာပေးပါမယ်၊ ဒါပေမယ့်
ကျုပ်တို့အချိုကြီးကြုံမှဖြစ်မယ်"

ဟုပြောလိုက်လေ၏။

ကျွန်ုပ်က ဂျမဒါမင်းထင်၏ မျက်နှာကို ကြည့်ပြီး

"ဘာပဲဖြစ်ဖြစ် ပျင်းနေတာလဲအတော်ပဲ၊ စွန့်စွန့်စားစားလုပ်ရမယ်ဆိုရင် ကျေနပ်တယ်ဗျာ"

ဟုပြောလိုက်ရာ ဂျမဒါမင်းထင်က လက်သီးဆုပ်လိုက်ပြီး

"ဒါဆိုရင် ဒီနေ့ညနေကစပြီး ငွေရတဲ့ အလုပ်တစ်ခုခုကိုစပြီး လုပ်ကိုင်ကြမယ်၊ တိုက်တိုက်ဆိုင်ဆိုင်ဒီနေ့ သတင်းစာထဲက နာရေးသတင်းတစ်ပုဒ်ကိုဖတ်ပြီး ကျုပ်တို့အတွက် ငွေရပေါက်ကြီးကြီးတစ်ခုကိုသွားတွေ့တယ်"

ဟုပြောပြီး တစ်စုံတစ်ရာကို လေးနက်စွာ စဉ်းစားနေလေရာ ကျွန်ုပ်နှင့် မာယာသည် ဂျမဒါမင်းထင်ကို အလိုက်တသိဖြင့် မေးမြန်းခြင်းမရှိတော့ဘဲအသာငြိမ်နေ လိုက်ကြ၏။

*

## အခန်း-၄

ဂျမဒါမင်းထင်သည် ရန်ကုန်မြို့ရှိ လူကုံထံများဝင်ထွက်လေ့ ရှိသော ကလပ်တော်တော် များများကို မင်ဘာအဖြစ်ဝင်ထားလေ့ရှိ၏ ။

ညနေသို့ရောက်သောအခါဂျမဒါမင်းထင်သည်အလုံကမ်းနားဘက်ရှိအစိုး သောကလပ်တစ်ခုသို့ ကျွန်ုပ်နှင့် မာယာအားခေါ်ဆောင်သွားလေ၏ ။

ဂျမာဒါမင်းထင်နှင့် ကျွန်ုပ်သည်ဥရောပ ဝတ်စုံကိုသေသပ်ကျနစွာ ဝတ်ဆင်ထားပြီး မာယာမှာလည်း အနက်ရောင် ပိုးထည်ကို ထက်အောက်ဆင်တူ ဝတ်ကာ အလှကြီးလှနေလေ၏ ။

ကျွန်ုပ်တို့သုံးယောက်သည်ကလပ်၏ ချောင်ကျသောနေရာရှိစားပွဲတစ်လုံးတွင် နေရာယူလိုက်လေ၏ ။ ပြီးနောက်ဘိလပ်ရေ၊ မြင်းဖြူတံဆိပ်ဂီစကီနှင့် မြည်းရန်ငါးမုန့်ကြော်၊ ချိစ်အစရှသောအမြည်းများကို မှာယူလိုက်လေ၏ ။

ကျွန်ုပ်တို့သုံးဦးသည်စားရင်းသောက်ရင်း လပ်ထဲသို့ဝင်လာသူများကိုအကဲခတ်နေလေ၏ ။

ခဏကြာလျှင် အမှောင်လွှမ်းလာပြီး ကလပ်ထဲသို့လူများတဖွဲဖွဲ ဝင်ရောက်လာလေ၏

ဂျမဒါမင်းထင်သည် ကလပ်ထဲသို့ ဝင်လာသူများကိုစောင့်ကြည့်ရင်း ပိုးတိုက်ပုံ အင်္ကျီနှင့် ဘန်ကောက်လုံချည်ခပ်နွမ်းနွမ်းဝတ်ဆင်ထားသောအသက်ခြောက်ဆယ်ဝန်းကျင်လူ( မြင်သောအခါ

"ကျုပ်တွေ့ချင်တဲ့လူလာပြီဗျို့၊ သူ့နံမည်ဦးဘိုနီတဲ့..အရင်ကတော့ ဟိုက်ကုတ်ရှေ့နေကြီး ပေါ့ဗျာ၊ နောက်တော့ဒန်အိုးစက် သူဌေးရာကွတ် အမှုမှာ မတရားမှုတွေ ကျူးလွန်ကြောင်း ထင်ရှားလို့ ရှေ့နေလိုင်စင် ပြုတ်သွားတာဗျ၊ အခုတော့အလုပ်မရှိ အကိုင်မရှိ ဖြစ်ပြီးကလပ်တွေမှာ ဂျပိုးလျှောက်လုပ်နေတယ်"

ဟုပြောလေ၏။

ဂျမဒါမင်းထင်၏ စကားမဆုံးမီ ဦးဘိုနီသည်ကျွန်ုပ်တို့ကို မြင်တွေ့သွားပြီး ဝိုင်းရှိရာသို့ လျှောက်လှမ်းလာလေ၏

ဂျမဒါမင်းထင်သည် ဦးဘိုနီကို လက်ပြပြီး

"ထိုင်ဗျာ…ဦးဘိုနီ မတွေ့တာ ကြာပြီနော်"

ဟုဆိုလိုက်ရာ ဦးဘိုနီက

"ကျုပ်ကတော့ ကလပ်ကို မရောက်ရင် မနေနိုင်လို့မှန်မှန် ရောက်ပါတယ်ဗျာ၊ ကိုယ့်လူသာ ပျောက်နေတာပါ၊ ဘယ်နေရာမှာ ပွပေါက်တိုးလို့ ဒီလောက် ပျောက်နေတာလဲဗျာ"

ဟုမေးမြန်းလေ၏။

ထိုအခါဂျမဒါမင်းထင်က ရယ်မောလိုက်ပြီး

"ဘယ်မှာမှ ပွပေါက်မတိုးပါဘူးဗျာ၊ ကျုပ်ခရီးလေးနည်းနည်း ထွက်နေလို့ပါ"

ဟုပြောလေ၏။ ရှေ့နေဦးဘိုနီက အားတက်သရောအမူအရာဖြင့်

"ခင်ဗျားကို ဝမ်းသာစရာ ပြောရဦးမယ်၊ ကျုပ်ရဲ့ရှေ့နေလိုင်စင်ပြန်ရဖို့နီးနေပြီ၊ ရှေ့နေ လိုင်စင်ရရင်တော့ခင်ဗျားတို့ကျေးဇူးတွေ ပြန်ဆပ်နိုင်တော့မယ်"

ဟုပြောလေရာ ဂျမဒါမင်းထင်ကခေါင်းညိတ်ပြီး

"ဝမ်းသာတယ်ဗျာ၊ ဘယ်လိုကြောင့်မိတ်ဆွေရဲ့ရှေ့နေလိုင်စင် ပြန်ရမှာလဲ"

ဟုမေးမြန်းလိုက်လေ၏။

ရှေ့နေဦးဘိုနီက စိတ်အားတက်ကြွဟန်ဖြင့်

"ကျုပ်ပြောဖူးတဲ့ သုကျိတ်နဲ့ဘာလီရဲ့ အမှုကြောင့်ပေါ့ဗျာ၊ လွန်ခဲ့တဲ့ရက်ပိုင်းကပဲသူတို့ ဖခင်ကြီး မစ္စတာဘားနပ်ဘိလပ်မှာ ဆုံးသွားတာ သတင်းစာထဲမှာ တွေ့တယ် မဟုတ်လား၊ သတင်းစာထဲမှာပါတဲ့ (၁၉၂၀) မှာရေးခဲ့တယ် ဆိုတဲ့သေတမ်းစာဟာ မစ္စတာ ဘားနပ်ရဲ့နောက်ဆုံး ရေးခဲ့တဲ့သေတမ်းစာမဟုတ်ဘူး၊ ကျုပ်ဆီက သေတမ်းစာကမှ (၁၉၂၃) မှာရေးခဲ့တဲ့ နောက်ဆုံး သေတမ်းစာဗျ၊ ဒီသေတမ်းစာကြောင့် ရှေ့နေအသင်းက ကျုပ်ရဲ့ရှေ့နေလိုင်စင်ကို ပြန်မပေးလို့ မရတော့ဘူး၊ ဘိုကပြားသူဌေးကြီး တစ်ယောက်ရဲ့သေတမ်းစာ ဆိုတော့ ရှေ့နေအသင်းက ဆက်ခေါင်းမမာနိုင်တော့ဘူးဗျ၊ ကျုပ်ရဲ့ရှေ့နေလိုင်စင်ကို ပြန်ပေးရမှာပဲ"

ဟုပြောလေ၏။

ဂျမဒါမင်းထင်က ခေါင်းညိတ်ပြီး

"မိတ်ဆွေကြီးဆီကသေတမ်းစာက မစ္စတာဘားနပ်ရဲ့ နောက်ဆုံးရေးခဲ့တဲ့သေတမ်းစာ ဆိုတာ သေချာရဲ့လား"

ဟုမေးမြန်းလေ၏။

ထိုအခါ ရှေ့နေ ဦးဘိုနီက

"သိပ်သေချာတာပေါ့ဗျာ၊ မစ္စတာ ဘားနပ် နဲ့ကျုပ်ကပုဂ္ဂိုလ်ရေးအရသိပ်ပြီးခင်မင်ကြတာပဲ၊ မစ္စတာ

ဘားနတ်ဟာကျုပ်ကလွဲပြီးဘယ်ရှေ့နေနဲ့မှ မသိကျွမ်းဘူး''

ဟုပြောလေ၏ ။

ရှေ့နေဦးဘိုနီ၏ စကားကြောင့်
ဂျမဒါမင်းထင်ကခေါင်းတဆတ်ဆတ်ညိတ်ပြီး

"ဦးဘိုနီအတွက် မင်္ဂလာ သတင်းပေါ့ဗျာ၊ ဦးဘိုနီရဲ့အောင်မြင်မှုအတွက်
ကျုပ်ဒီနေ့ည ကောင်းကောင်း ဂုဏ်ပြုရမယ်၊ ဦးဘိုနီ ကြိုက်သလောက်သောက်ဗျာ''

ဟုဆိုပြီး ဘိုင်အားခေါ်ပြီး အကောင်းစားအရက်များမှာယူလိုက်လေရာ
ရှေ့နေ ဦးဘိုနီ သည် ကျေးဇူးတင် ကြောင်းအကြိမ်ကြိမ်ပြောဆိုပြီးနွားငတ်ရေကျ
သောက်လေတော့၏ ။

ဂျမဒါမင်းထင်ကမူအရက်ကို ဟန်မျှသာသောက်လေ၏ ။
အတန်ကြာသောအခါ ရှေ့နေ ဦးဘိုနီ ရေချိန် ကိုက်စပြုလာလေ၏ ။ ထိုအခါမှပင်
ဂျမဒါမင်းထင်က

"ဒီမှာ...ဦးဘိုနီ မစ္စတာ
ဘားနပ်ရဲ့သေတမ်းစာကိုကျုပ်ကိုရောင်းပါလား''

ဟုပြောလိုက်ရာ ဦးဘိုးနီသည် မျက်လုံးပြူးမျက်ဆန်ပြူးနှင့်
ဂျမဒါမင်းထင်ကို ကြည့်လိုက်ပြီး

"အမလေး ဘယ်လိုပြောလိုက်တာလဲ မိတ်ဆွေရယ်....
သေတမ်းစာဆိုတာ ရောင်းလို့မှ မရတာ ၊ ဝယ်တဲ့သူလဲ ဥပဒေအရ ဘယ်လိုအကျိုးမှ
မရှိဘူး''

ဟု ပြောလိုက်ရာ ဂျမဒါမင်းထင်က ခေါင်းညိတ်ပြီး

"ကျုပ်နားလည်ပါတယ်ဗျာ၊ ဒါပေမယ့်
သေတမ်းစာကိုကျုပ်သုံးရက်လောက်ပဲ ခဏလိုချင်တယ်။ ခင်ဗျား

ကျုပ်ကိုခဏငှားလို့မရဘူးလား၊ ဒီအတွက် ခင်ဗျား အကျိုးမယုတ် စေရပါဘူး၊ သေတမ်းစာ သုံးရက်ငှားခ အတွက်ခင်ဗျားကိုတစ်ရက်တစ်ရာနှုန်းနဲ့ ငွေသုံးရာ ပေးမယ်''

ဟုပြောလိုက်ရာ ရှေ့နေလိုင်စင် ပြုတ်သဖြင့် ဝင်ငွေမရှိဘဲ တစ်နှစ်လုံး ငွေသုံးပြတ်နေသော ဦးဘိုနီ၏ မျက်လုံးထဲတွင်အရောင် တဖျတ်ဖျတ်တောက်ပ သွားလေ၏။ ဂျမဒါမင်းထင်က အပြောမဟုတ်ဘဲ လက်တွေ့ သဘောဖြင့် ငွေသုံးရာကို စားပွဲပေါ်သို့ တင်လိုက်ရာ ဦးဘိုနီသည် ဂျမဒါမင်းထင်ကိုမျက်လုံးမှိတ်ပြီးသေတမ်းစာငှားရန်ဆုံးဖြတ်လိုက်ပြီး "ကျုပ်သေတမ်းစာကိုမပျောက်ပျက်ပါဘူးလို့ကတိပေးရင်ငှားမယ်ဗျာ..ခင်ဗျားကတိအ နော်''

ဟုဆိုလိုက်ရာ ဂျမဒါမင်းထင်က ခေါင်းညိတ်ပြီး

"တကယ်သုံးရက်တည်းပါ၊ သုံးရက်ပြည့်တဲ့နေ့ညနေဒီနေရာမှာပဲ ခင်ဗျား လက်ထဲကို သေတမ်းစာ ပြန်အပ်ပေးမယ်ဗျာ''

ဟုဆိုလိုက်ရာရှေ့နေဦးဘိုနီသည် ငွေစက္ကူများကို လိုချင်တက်မက်စိတ် ထိမ်းမရနိုင် တော့ဘဲ ဆတ်ခနဲ ကောက်ယူပြီး ကုတ်အင်္ကျီအိတ်ထဲရှိ စက္ကူအိတ်တစ်အိတ်ကို ထုတ်ပြီးဂျမဒါ မင်းထင် လက်သို့ထည့်လိုက်လေ၏။

ထို့နောက် ရှေ့နေဦးဘိုနီက

"စိတ်ချပါရစေ မိတ်ဆွေ၊ ခင်ဗျားကို ယုံလို့ ကျုပ်ထမင်းအိုးကို ခင်ဗျားလက်ထဲအပ်တာပဲ၊ သေတမ်းစာသာတစ်ခုခုဖြစ်သွားရင်ကျုပ်ရဲ့ရှေ့နေ လိုင်စင်ပြန်ရတော့မှာမဟုတ်ဘူး''

ဟုဆိုလိုက်ရာ ဂျမဒါမင်းထင်က ဦးဘိုနီ၏ ပခုံးကိုပုတ်ပြီး

"မပူပါနဲ့ဗျာ..ခင်ဗျားအေးအေးချမ်းချမ်း သွားပြီးသာအနားယူပါတော့''

ဟုဆိုလိုက်ရာ ရှေ့နေဦးဘိုနီသည် သဘောကျဟန်ဖြင့်ရယ်မောလိုက်ပြီး

"ဒါဆိုရင်တော့ ဘရွတ်ကင်းလမ်းက ဂျပန်မ တွေဆီမှာ သွားအနှိပ်ခံပြီးဇိမ်ယူလိုက်ဦးမယ်"

ဟုအားတက်သရော ပြောကာ ကလပ်ထဲမှ ထွက်သွားလေ၏။

*